**ဘုတ်ထောင်**

Scientific name - *Polygonum barbatum* L.

Common name - Knot grass

Family - Polygonaceae

   

အပင်ပုံသဏ္ဍာန်

နှစ်ရှည်ခံပင်ပျော့မျိုးဖြစ်သည်။ ပင်စည်သည် ထုလုံးပုံအခေါင်းပေါက်ဖြစ်နေပြီး အဆစ်သည် ထူထဲသည်။ အောက်ခြေပိုင်းသည် ပင်ပွားထွက်ပြီး မြေနှင့်ကပ်ပေါက်ပြီး ၎င်းမှ အမြစ်ထွက်သည်။ အပေါ်ပိုင်းပင်စည်သည် ထောင်မတ်နေပြီး ၄၀ - ၈၀ စင်တီမီတာခန့် မြင့်သည်။ အရွက်သည် ရွက်လွှဲထွက်ပြီး လှံသွားပုံရှိသည်။ မျက်နှာပြင်နှစ်ဖက်စလုံးတွင် အမွေးများပါရှိ ပြီးထိပ်ပိုင်း၌ချွန်သွားသည်။ ထိပ်ထွက်ထပ်ဆင့်ပန်းခိုင်ဖြစ်ပြီး ရှည်သည်။ တစ်နှစ်ပတ်လုံး ပန်းပွင့်နိုင်ပြီး လိင်စုံပန်းပွင့်ဖြစ်၍ ကန်တော့ပုံ ပွင့်ရင်းခံပါသည်။ ပွင့်ညှာမဲ့ပန်းခိုင် ၂ - ၈ခု ပေါင်းပြီးအဆုပ်လိုက်တည်ရှိသည်။ အနက်ရောင်ခွံမာသီးသည် တောက်ပြောင်ပြီးထောင့်သုံးခုပါရှိသည်။ အစေ့နှင့်ပင်စည်ပိုင်းပြတ်အားဖြင့် မျိုးပွားသည်။